# စင်တော်က ကောက်တော့လည်း



မနေ့ကပဲ ဒကာနှစ်ယောက် ရောက်လာလို့ နောက်နောက်ပြောင်ပြောင် ပြောလိုက်သေးတယ်။ **(Eleanor Roosevelt)** အီလီနိနော် ရုစဗဲ့ စကားကို ကိုးကားပြီးတော့ပါ။ အီလီနိနော် ရုစဗဲ့ကပြောတယ်။ 'ကြီးကျယ်ခမ်းနား သူတွေက အတွေးအခေါ်အယူ အဆတွေအကြောင်း ပြောတယ်။ အသိဉာဏ် အလယ်အလတ်ရှိသူတွေကတော့ အဖြစ်အပျက်တွေအကြောင်း ပြောတယ်။ အသိဉာဏ်နိမ့်သူတွေကတော့ လူပုဂ္ဂိုလ်တွေအကြောင်း ပြောလေ့ရှိတယ်'–တဲ့။ 'ကျုပ်က အတွေးအခေါ်စာကို ရေးနေတော့ ကြီးကျယ်ခမ်းနားသူထဲမှာပါတယ်'လို့ သူတို့ကို နောက်လိုက်တာ။

သူတို့ရောက်လာတော့ ဒီမိုကရက်တစ်ပါတီသမတလောင်း မစ္စတာ အိုဘားမားရဲ့ သူ့ပါတီက တရားဝင် သမတလောင်းအဖြစ်ရွေးချယ်တာကို လက်ခံစကားပြောနေချိန်။ ကော်လိုရာပြည်နယ်က ဒင်ဘာမြို့ရဲ့ အထင်ကရ ဘောလုံးကွင်းကြီးထဲမှာ။ ပရိတ်သတ်တွေက ရှစ်သောင်းကျော်တယ်တဲ့။ နိုင်ငံရေးသမားတွေ၊ အဆိုကျော်တွေ၊ အတီးတွေ၊ အကတွေ၊ အခုန်တွေနဲ့။ စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက်။

ပြောချင်တာက အဲဒီသမတလောင်း အကြောင်းနဲ့ရော၊ အီလီနိနော် ရုစဗဲ့ရဲ့စကားနဲ့ရော၊ နှစ်ခုလုံးနဲ့ပါ ဆိုင်တယ်လို့ ပြောနိုင်သလို မဆိုင်ဘူးလို့လည်း ပြောလို့ရတယ်။

ဒီနေ့မှာတော့ မမျှော်လင့်ထားတဲ့ သတင်းကြားရတယ်။ ရီပတ်ဘလီကင်သမတလောင်း ဂျွန်မက်ကိန်းက သူ့ရဲ့ **(running mate)** ဒုသမတလောင်းအဖြစ် အလစကာပြည်နယ် အုပ်ချုပ်ရေးမှူး၊ အသက် ၄၄ နှစ်အရွယ်၊ အမျိုးသမီးဖြစ်တဲ့ မစ် ဆာရာ ပေလင်းကို ရွေးချယ်လိုက်တယ်တဲ့။ အမေရိကန်နိုင်ငံရေးနဲ့ မစိမ်းလို့ သူမအကြောင်းကို ရီပတ်ဗလင်ပါတီရဲ့ တောက်ပလာမည့် ကြယ်တစ်လုံးအဖြစ် အရင်ကတည်းက ကြားဘူးထားပေမယ့် နေ့ချင်းညချင်း ခုလိုကမ္ဘာ့အကြီးကျယ်ဆုံး နိုင်ငံတစ်ခုရဲ့ အကြီးမားဆုံး ယှဉ်ပြိုင်မှုမှာ အရေးပါတဲ့ ဇာတ်ကောင်တစ်ယောက်အဖြစ် ခုလောက်မြန်မြန် သူမပါဝင်လာလိမ့်မယ်လို့ ဘယ်လိုမှ မျှော်လင့်မထားပါဘူး။

ဒီလိုမထင်မိလောက်အောင်လည်း အကြောင်းပေါင်းများစွာရှိပါတယ်။ စီပြီးအနည်းငယ်မျှပြောရလျှင် ရီပတ်ဗလင်တွေဆိုတာက ရှေးရိုးစွဲဝါဒီတွေ။ သူတို့က လူနည်းစုတွေ၊ အမျိုးသမီး အခွင့်အရေးတွေ၊ လိင်တူဆက်ဆံမှုတွေ၊ ကိုယ်ဝန်ဖျက်ချတာမျိုးတွေစတဲ့ ပိုပြီးလစ်ဘရယ်ဖြစ်တဲ့ အရာမျိုးတွေကို ဦးစားပေးတတ်သူတွေ မဟုတ်ဘူး။ ဒီတော့ သူတို့ပါတီအတွက် အထူးအရေးပါတဲ့ ဒီလိုဒုတိယသမတလောင်းနေရာကို အတွေ့အကြုံနုနယ်တဲ့ အမျိုးသမီးတစ်ဦးကို ရွေးချယ်လိမ့်မယ်လို့ မထင်မိဘူး။ နောက်ပြီး ဒီမိုကရက်ပါတီက မစ္စတာအိုဘားမား သမတလောင်းအဖြစ် အရေးသာလာကတည်းက မစ္စတာ မက်ကိန်းက အိုးဘားမားရဲ့ နိုင်ငံတကာအတွေ့အကြုံ နည်းတာရယ်၊ နိုင်ငံကာကွယ်ရေးဘက်မှာ ပျော့ညံ့တာရယ်၊ နိုင်ငံရေးလောကထဲကို ဝင်ရောက်လာတဲ့သက်တမ်း နုသေးတာရယ်စတာတွေနဲ့ တိုက်ခိုက် ဝေဖန်နေခဲ့တာ။

ဒီလိုအခြေအနေမျိုးမှာ လူဦးရေ ခြောက်ထောင်ကျော်မျှသာရှိတဲ့ မြို့ကလေးမှာ မြို့တော်ဝန်လုပ်ဖူးတာရယ်၊ လူဦးရေ ၇ သိန်းကျော်မျှသာရှိတဲ့ အလာစကာပြည်နယ်မှာ နှစ်နှစ်သက်တမ်းမျှပင် မပြည့်သေးတဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူး လုပ်ဖူးတာရယ်လောက်သာ အတွေ့အကြုံရှိတဲ့သူတစ်ယောက်ကို သူ့အတွက်၊ သူ့ပါတီအတွက်၊ သူ့နိုင်ငံအတွက် အလွန်အရေးပါတဲ့နေရာပေး ရွေးချယ်လိုက်တာကို ဘယ်မှာ မအံ့ဩပဲ နေပါ့မလဲ။ မစ္စတာဂျွန်မက်ကိန်းကို ဆုံးဖြတ်ချက် ရဲတယ်လို့ပဲ ပြောရမလား၊ မိုက်တယ်လို့ပဲ ဆိုရမလား။

နောက်ပြီး မစ္စတာမက်ကိန်းက မကြာမီကပဲ ဟောလိဝုဒ် သတင်းလောကရဲ့ အကျော်အမော်တွေဖြစ်တဲ့ ပဲရစ် ဟီလ်တန်တို့၊ ဘရစ်တနီ စပီးယားတို့နဲ့ ခိုင်းနှိုင်းပြီး မစ္စတာအိုဘားမားကို ဝေဖန်ထိုးနှက်ခဲ့သေးတာ။ ဒါကဘာကိုပြသလဲဆိုလျှင် ပေါ်ပြူလာဖြစ်သူတွေအပေါ်မှာ နက်နက်ရှိုင်းရှိုင်း မရှိတဲ့သဘော။ ခုတော့ သူက ၁၉၈၄ ခု၊ ဝက်ဆလာမြို့ရဲ့ အလှမယ်၊ အလာစကာရဲ့ ဒုတိယအလှမယ်ကို ဒုတိယသမတလောင်းအဖြစ် ရွေးသတဲ့။ (အိုဘားမားနဲ့သူတို့တွေနဲ့ ခိုင်းနှိုင်းပြောဆိုစဉ်က ပဲရစ်ဟီလတန်က မက်ကိန်းကို ပြန်ပက်ထားတာကို တွေ့လိုက်မိတယ်။ သူမက ဘာများပြောချင်လေဦးမလဲ မသိ။)

လွန်ခဲ့တဲ့နှစ် ဒီအချိန်လောက်ကဆိုလျှင် မစ္စ ဟီလာရီကလင်တန်ကို နောက်တစ်ကြိမ်ရဲ့ အမေရိကန်သမတအဖြစ် အများစုက ထင်ကြေးပေးခဲ့ကြတာ။ ပါတီနှစ်ခုလုံးရဲ့ သမတလောင်းတွေထဲမှာဆို လူသိအများဆုံး၊ အထင်ရှားဆုံး။ စစ်တမ်းများမှာဆိုလျှင်လည်း ယှဉ်ပြိုင်ကြမည့်သူတွေထဲမှာ အားအကောင်းဆုံး။ အပြတ်အသတ်ကိုပဲ ရှေ့ကပြေးနေတာ။

ထားလိုက်တော့၊ သမတလောင်း မဖြစ်တာရှိစေဦး။ မစ္စတာအိုဘားမားကို ရှုံးနိမ့်ပြီးချိန်အထိ ဒုတိယသမတလောင်းအဖြစ်များ အရွေးခံလေမလားလို့ အချို့ မျှော်လင့်ခဲ့ကြတာ။ မနေ့တစ်နေ့က အချိန်အထိ။ ဂျိုဘိုင်ဒင်ကို ဒုတိယသမတလောင်းအဖြစ် မကြေညာမီအချိန်အထိ။ ဒီမိုကရက်ပါတီဖက်ကနေ ဟီလာရီပေါ်ထွက်လာလိမ့်မယ်လို့ ထင်ထားခဲ့ကြတာ။

ဒီအချိန်အထိ ရီပတ်ဘလင်က ဒုတိယသမတလောင်း စာရင်းထဲမှာ မစ္စ ပေးလင်းပါဝင်တယ်ဆိုတာ သိသူက အတော်နည်းပါးပါတယ်။ အချို့သိသူတွေတောင်မှပဲ သိပ်ပြီးအလေးအနက်မထားလို့ သူမအပေါ်အာရုံလည်း မရောက်လှပါဘူး။ ဟုတ်တယ်လေ။ ပေလင်းဆိုတဲ့နာမည်က အမေရိကန်နိုင်ငံရေးဇာတ်ခုံပေါ်မှာ ထင်ရှားလှတဲ့ နာမည်တစ်ခုမှ မဟုတ်တာ။ ဟော ခုတော့ သူမက အမေရိကန်နိုင်ငံကြီးက အဓိက ပါတီကြီးတစ်ခုရဲ့ ဒုတိယ သမတလောင်းဖြစ်လာပြီပေါ့။ မထင်မှတ်တဲ့ ပါတီဖက်ကနေ အမျိုးသမီးတစ်ဦး ပေါ်ထွက်လာပြီပေါ့။

တစ်နှစ်အတွင်း အပြောင်းအလဲတွေဖြစ်သွားလိုက်တာ။ မစ္စတာ အိုဘားမားတို့ပြောသလို Change, Change ဆိုတာ အခြားအရာတွေအတွက်တော့ ဖြစ်လာ မဖြစ်လာ တပ်အပ်သေချာ မပြောနိုင်သေးဘူး။ ထင်မှတ်ထားတာတွေက ဖြစ်မလာပဲ၊ မထင်မှတ်ထားတာတွေကတော့ ဖြစ်လာလိုက်တာ။ ပြောင်းလဲခြင်းတွေ ဖြစ်လာလိုက်တာ။ ဘာကြာလိုက်လို့လဲ။ ကိုယ့်မှာသာ အပြောင်းအလဲဖြစ်နိုင်ဖို့ စောင့်ခဲ့ရတာ။ ကြာရှည်လွန်းဖြစ်နေရတာ။

မက်ကိန်းကို ဝေဖန်ကြတဲ့ သူ့ပါတီဝင်တွေထဲမှာ မက်ကိန်းရဲ့ အသက်အရွယ်ကြီးလွန်းခြင်းလည်း တစ်ခုအပါအဝင်ပေါ့။ သူက အမေရိကန်သမိုင်းရဲ့ ပထမအကြိမ် သမတအဖြစ် ယှဉ်ပြိုင်အရွေးခံသူတွေထဲမှာ အသက်အရွယ် အကြီးဆုံး စံချိန်ရှင်လေ။ ဒီနေ့ပဲ ၇၂ နှစ်ပြည့် မွေးနေ့ကျင်းပခဲ့တာ။ နောက်ပြီးသူ့မှာ အရေပြားကင်ဆာကလည်းရှိရဲ့။ အကယ်၍များ ရီပတ်ဘလင်ပါတီက နိုဝင်ဘာရွေးကောက်ပွဲမှာ အနိုင်ရပါပြီတဲ့။ မပြောကောင်းမဆိုကောင်း၊ အသက်အရွယ်အရ၊ ကျန်းမာရေးအရ၊ ဂျွန်မက်ကိန်းများ တစ်ခုခုဖြစ်ခဲ့သော်။ အစဉ်အလာအရ ဒုတိယသမတက သူ့ကိုယ်စားဝင်ရောက် တာဝန်ယူရမှာ။ သူတို့ပြောတဲ့ (ကွန်မောင်ဒါ အင် ချိဖ်) အမေရိကန်လက်နက်ကိုင်များအဖွဲ့ရဲ့ အကြီးအမှူးချုပ် ဆိုတဲ့ တာဝန်ကြီးကို ဒုတိယသမတဖြစ်တဲ့ သူမက ယူရဦးမှာ။

ဒီအခါမျိုးမှာ သူတို့အမြဲပြောပြောနေတဲ့ အတွေ့အကြုံနုနယ်သေးတာတွေ၊ အရည်အချင်း မပြည့်ဝ သေးတာတွေ၊ အချိန်မရာက်သေးတာတွေ၊ ဒါတွေအတွက် မစဉ်းစားလေရော့သလား။ မိုးမပြိုနိုင်၊ ပြိုခဲ့သော်။ ကိုယ်ကပဲ အစိုးရိမ်လွန်နေသလိုများ ဖြစ်နေသလားတော့ မဆိုနိုင်ပါဘူး။ မစ္စတာအိုဘားမားက မစ်စ်ပေလင်းအတွက် ဝမ်းမြောက်စကားဆိုရင်းနဲ့အတူ နောက်ဆက်တွဲ ဆုတောင်းပေးတဲ့ စကားလေးကို ယူပြီးသုံးချင်ပါတယ်။ ဆိုလိုတဲ့အဓိပ္ပါယ်ချင်းတော့ တူနိုင်ကောင်းမှ တူမှာပါ။ မစ္စတာအိုဘားမားက သူမအတွက် ကံကောင်းပါစေလို့ ဆုတောင်းပေးပါတယ်တဲ့။ ဒါပေမယ့် အလွန်အမင်း ကံကောင်းလွန်းတာမျိုးတော့ မဟုတ်ဘူးပေါ့–တဲ့။ မစ်စ် ပေလင်း ကံကောင်းပါစေ။ ဒါပေမယ့်။

ဘာပဲဖြစ်ဖြစ်ပါ။ အီလိနိနော် ရူစဗဲ့ရဲ့ အခြားစကားလေးနဲ့ပဲ စိုးရိမ်မှုကို ဖြေရမှာပေါ့။ သူမက ပြောထားတာက **"A woman is like a tea bag. You never know how strong she is until she gets into hot water."** အမျိုးသမီးတွေဆိုတာက လဘက်ခြောက်လိုပဲ၊ လက်ဖက်ခြောက်ဆိုတာကလည်း ရေပူနဲ့မတွေ့သေးသမျှ သူ့အရသာ ဘယ်လောက်ပြင်းတယ်ဆိုတာ အမှန်အတိုင်း မသိနိုင်ဘူး–တဲ့။ မစ္စပေလင်းရဲ့ အစွမ်းအစ ဘယ်လောက်ရှိတယ် ဆိုတာကလည်း တကယ့်အရေးမှာမှ သိရမှာပဲ့။ သာမန်မြို့ငယ်လေးတစ်မြို့ရဲ့ အလှမယ်ကနေ ကမ္ဘာက မော့ကြည့်နေရတဲ့ အထင်ကရ နိုင်ငံကြီးတစ်ခုရဲ့ သမတယှဉ်ပြိုင်ပွဲမှာ ဒုတိယနေရာကနေ ယှဉ်ပြိုင်ခွင့်ရလာတဲ့အထိ ရောက်လာတာကပင် သူမရဲ့အစွမ်းအစ မသေးငယ်လှဘူးဆိုတာကတော့ အကောင်းဆုံး သက်သေတစ်ခုပေပဲ။

အရှင်ဉာဏိက
ဩဂုတ် ၃၀